ဖလံတောကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇– ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဖလံတောကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ


| | |
|---|---|
| စကားချီး | ၅ |
| ဖလံတောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် | ၇ |
| အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် | |
| ၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| (က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၁ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| ၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၆ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | |
| (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | |
| ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ | ၁၇ |

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၁၉

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၁

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၇၁
ကော်မတီစာရင်း ၇၉
ကိုးကားစာရင်း ၈၀

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး


တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖလံတောကျေးရွာ
မင်းဘူး(စကု)မြို့နယ်

## ဖလံတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက် နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် မင်းဘူး-ပွင့်ဖြူကားလမ်းမ၏ အနောက်ဘက်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ စိုက်ပျိုးရေးလုပ်ငန်းများအားအသင့်အတင့်အထောက်အကူပြုပါသည်။လယ်မြေများသည် စပါး၊ ပဲ နှင့် နှမ်းများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်းရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျွန်ုပ်တို့ကျေးရွာတွင် လယ်မြေအသင့်အတင့် ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတအနေဖြင့် နွားချေးသာထွက်ရှိပါသည်။ တောင်သူများမှာ ဆည်ရေဖြင့်သာ စိုက်ပျိုးကြပြီး လယ်မြေကေ (၄၇၄.၂၅)ကေကျော် ကို ရေသွင်းစိုက်ပျိုးကြပါသည်။ မြေအောက်ရေအသုံးပြုမှုမှာ နည်းပါးသည်။ ထွန်ယက်စိုက်ပျိုးမှုကေမှာ (၇၀၀)ကေကျော်ရှိပြီး စပါး၊ကုလားပဲနှင့် နှမ်းများစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၇)စုရှိပြီး လူဦးရေစုစုပေါင်း(၆၈၈)ဦးရှိကာ တစ်အိမ်ထောင်စုတွင် ပျမ်းမျှလူဦးရေ (၄)ဦး နှုန်းရှိပြီး နိုင်ငံတော်မှ ချမှတ်ထားသော စံနှုန်း (၅)ဦးလျော့နည်းနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်အသင့်အတင့် ရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမာန်အားဖြင့် လျော့နည်းနေပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏စီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဈေးဆိုင်စသော အသေးစားအိမ်တွင်းလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့တို့သည် ငွေရေးကြေးရေးအသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောလယ်သမားများ လက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင်း အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအနက် (၃၁)စု ကို လေ့လာဆန်းစစ်မှုအရ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ရွာပြင်ပသို့သွားရောက်ပြီးဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့်ကူးစက်တတ်သည့် ရောဂါများ အရက်နှင့် မူးယစ်ဆေးသုံးစွဲမှု အန္တရာယ်တို့ရှိတတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး လူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းရေး ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး ကားလမ်းနှင့် နီးသောကြောင့် အလွယ်တကူ သွားလာနိုင်သည်။ မြို့နယ်ဆေးရုံ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမှီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင် စက်တပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့် ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာ လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား နှင့် မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှု မတူညီ၍ အမျိုးသမီးများထက် အမျိုးသားများက လုပ်အားခပိုမိုရရှိခြင်းဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမရှိပါ။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့များအနက် အမျိုးသမီးအဖွဲ့မှာ နာရေးကူညီမှုအပါအဝင် လူမှုရေးလုပ်ငန်းများတွင် လှုပ်ရှားမှုအားနည်းပါသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပအဖွဲ့အစည်းမှ ဖွဲ့စည်းပေးပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့များအကြား ချိတ်ဆက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ကုလားပဲနှင့် နှမ်းတို့ကို အဓိကထားစိုက်ပျိုးကြသည်။ စပါးစိုက်ဧကမှာ (၃၇၄.၂၅)ဧကရှိပြီး တခြားသီးနှံတို့ကို အလျဉ့်ကျ စိုက်ပျိုးပါသည်။ မိုးစပါးအထွက်နှုန်းမှာ ပျမ်းမျှ (၇၀)တင်း၊ ကုလားပဲမှာ ပျမ်းမျှ (၃၀)တင်း နှမ်းမှာ ပျမ်းမျှ (၁၄)တင်း ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားအလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားပါသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပတ်စနစ်ကို အသုံးပြုကြသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှုရင်ဆိုင်ရတတ်သည်။ ကုလားပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုရှိပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဒေသဝက်နှင့်ကြက်များကို မွေးမြူကြပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့်သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းများပါသည်။ ကျေးရွာတွင် မွေးမြူရန်မှာ ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းတို့ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေတိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိပါသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကွန်ပြူတာသင်တန်း စသည်တို့သည် အသက်မွေးဝမ်းကြောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာ အရည် အချင်းပိုင်းတွင်လည်း နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံနိုင်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း အတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ်စက်ပြင် စသော သင်တန်းများကို အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် မြေဆီ၊ မြေနှစ်အခြေအနေမှာ အသင့်အတင့်ဖြစ်ပါသည်။ ကုလားပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ

သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုကြပါ သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးစရိတ်အတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း (၈ဝ)ပြား ၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ တစ်ချို့အိမ်ထောင်စုများသည် ရွာထဲမှ ချေးယူသူများထံမှ တစ်လအတိုးနှုန်း (၁၅)ကျပ်နှုန်းဖြင့် ချေးယူကြသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံတို့အတွက် ချေးယူကြသည်။ အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင် ငွေကြေးလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး (၆ဝ'×၃ဝ'×၁၂') တစ်ဆောင်သာရှိသဖြင့် စာသင်ကျောင်းဆောင်လိုအပ်လျှက်ရှိပါသည်။ကျောင်းတွင် ပရိဘောဂပစ္စည်းသင်ထောက်ကူ ပစ္စည်းများ လုံလောက်မှုမရှိပါ။ ကျောင်းဆရာ/မဦးရေမှာ ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၃)ဦး ရှိပြီး ဆရာတပည့်အချိုးညီမျှပါသည်။ ကျေးရွာသားအများစုမှာ ရေးတတ်ဖတ်ကြပြီး အလယ်တန်းအဆင့်မှစ၍ မြို့သို့ သွားရောက်ပညာသင်ကြား ကြရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမ(၁)ဦးရှိပြီး ဝန်ဆောင်မှု လက်လှမ်းမှီပါသည်။ ကျေးရွာတွင်ဆေးပေးခန်း ပြုပြင်ရန် လိုအပ်နေပါသည်။ ဆေးများသိုလှောင်ထားသည်မှာ ဗီရိုနှင့်ဖြစ်ပြီး လျှပ်စစ်မီး မရှိသောကြောင့် ရေခဲသေတ္တာဖြင့် မထားနိုင်ပါ။ သောက်ရေအတွက် လက်နှိပ်တုံကင်နှင့် စက်တပ်တုံကင်များ တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှု ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးယိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံ အိမ်သာဆောက်လုပ်သုံးစွဲသဖြင့် ရေကြောင့် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါ သည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာသီးသန့် မရှိပါ။ လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်နိုင်ခြင်းမရှိ သေးချေ။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်းမှာ မြေနီကျောက်ခင်းလမ်းဖြစ်ပြီး ထော်လာဂျီနှင့် ဖောကားများ မောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၊ သုံးဘီး၊ စက်ဘီး၊ ကား၊ ထော်လာဂျီ၊ နွားလှည်းတို့ကို အသုံးပြုကြ သည်။ ကျေးရွာတွင်လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာ၏ဘုံမီးစက်မှ ည(၇)နာရီမှ (၉)နာရီခွဲ အထိ အသုံးပြုကြသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမှီအသုံးပြုနိုင် ကြသည်။ ကျေးရွာတွင် အင်တာနက်လိုင်း ဆွဲအားမကောင်း သဖြင့် သတင်းအချက်အလက် ချိတ်ဆက်မှု နည်းပါးပါသည်။ ကျေးရွာတွင်စာကြည့်တိုက်မရှိပါ။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး၊ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ ပါးရေးအစီအစဉ် ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါး သုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိရခြင်းမှာ အုပ်ချုပ်ရေး လက်လှမ်းမီခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လူနေမှုအဆင့်အတန်းနိမ့်ပါးလျက် ရှိပါ သည်။ လူငယ်ပညာတတ်များရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် များပြားပါသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပါသည်။ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါ သည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး

ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီကြပြီး မင်းဘူးဆေးရုံသို့လည်း သွားရောက်ဆေးကုသမှု ခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအတွက် လုံလောက်မှု အားနည်းပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူရောင်းချနိုင်သည်။ ကျေးရွာတွင် မယ့်ဇလီရေလွှဲဆည်မှ ရေကိုအသုံးပြု၍ စိုက်ပျိုးကြသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ပွင့်ဖြူ-မင်းဘူးကားလမ်းရှိပြီး ဆက်သွယ်ရေးကောင်းမွန်သဖြင့် ထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် တိုးချဲ့မွေးမြူရန်အခွင့်အလမ်းရှိသော်လည်း မွေး/ကုဦးစီးဌာနမှလိုအပ်သောနည်းပညာဆိုင်ရာပံ့ပိုးမှုများကို တိုးမြှင့်ဆောင်ရွက်ပေး ရန်လိုအပ်သည်။ သဘာဝမြေဆွေးကို နွားချေး၊ မြေဆွေးများမှ ရရှိပါသည်။ အော်ဂဲနစ်ဓါတုပိုးသတ်ဆေးများကို မင်းဘူးမြို့မှ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်မှုကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ လိုင်းမကောင်းသော်လည်း အခြားသတင်းအချက်အလက်များကို ချိတ်ဆက်အသုံးပြုရသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် ဖျက်ပိုးနှင့် ရောဂါများကို စနစ်တကျ သုံးစွဲနိုင်ခြင်းမရှိပါ။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီ လိုအပ်နေပါသည်။ ကျေးရွာတွင် ချေးငွေရရှိနိုင်မှု နည်းပါးသောကြောင့် မွေးမြူရေးနည်းပါးပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးခြင်းမှာ ကာကွယ်ဆေးများ ထိုးခြင်းကြောင့် ဖြစ်ပါသည်။ စီးပွားဖြစ် မွေးမြူရေး အတွက် နည်းပညာနှင့် ငွေကြေးလုံလောက်မှုအားနည်းသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာ တွင် ကား၊ စက်ပြင်ဆိုင်များ မရှိပါ။ အကြောင်းမှာ နည်းပညာ ချိတ်ဆက်မှု လက်လှမ်းမမီ ခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းများအား မြေနီကျောက်စရစ်ခင်း ခြင်းဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်စေမည် ဖြစ်ပါ သည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်စီမံကိန်းဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေ တိုးပွား ရရှိနိုင်မည် ဖြစ်ပါသည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းဖြင့် သီးနှံထွက်ကုန်များ ကို လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းဖြင့် ကောင်းမွန် သောလမ်းပန်းဆက်သွယ်ရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းဖြင့် ကျောင်းသားများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် မင်္ဂလာလက်တံမြောင်းဘောင်လမ်းခင်းခြင်းဖြင့် သီးနှံ ထွက်ကုန်များကို လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် လက်တံခွဲမြောင်းများမှ ရေတံခါးပြုပြင်ခြင်းဖြင့် စိုက်ပျိုးရေကို လိုအပ်သလို ထိန်းချုပ်သုံးစွဲမှု ရရှိနိုင်မည်ဖြစ်ပါသည်။

က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာကြည့်တိုက် ဆောက်လုပ်ပေးခြင်းဖြင့် ကျေးရွာ လူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးခြင်းဖြင့် ကျေးရွာလူထုအတွက် လွယ်ကူသော ကျန်းမာရေးဝန်ဆောင်မှုရရှိလာနိုင်မည်ဖြစ်ပါသည်။

က.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်း ခင်းခြင်းဖြင့် ရာသီမရွေး ကောင်းမွန်စွာ သွားလာနိုင်မည်ဖြစ်ပါသည်။

က.၁၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် မီးသတ်ရေကန် တည်ဆောက်ပေးခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်းအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

ခ.၂) ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအား ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံပြီး အရင်းအနှီးငွေရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည် ဖြစ်ပါသည်။

ခ.၃) ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းအား ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံပြီး လိုအပ်သောကုန်ထုတ်လမ်းအကျယ်ရရှိအောင် မြေယာလှူဒါန်းမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းအားကျေးလက်လမ်းဦးစီးဌာနသို့တင်ပြတောင်းခံသွား မည်ဖြစ်ပါသည်။

ခ.၅) ကျေးရွာတွင် စာသင်ကျောင်းဆောင်သစ်အား မြို့နယ်၊ခရိုင် အခြေခံပညာဦးစီးဌာနသို့ ချိတ်ဆက်၍ ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ ပညာအရည်အချင်း တိုးမြင့်လာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ခ.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် မင်္ဂလာလက်တံမြောင်းဘောင်လမ်းအား ဆည်မြောင်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

ခ.၇) ကျေးရွာတွင် လက်တံခွဲမြောင်းများမှ ရေတံခါးပြုပြင်ခြင်းအား ဆည်မြောင်းဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

ခ.၈) ကျေးရွာတွင် စာကြည့်တိုက် ဆောက်လုပ်ရန် ပြန်/ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာလူထုမှ လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

ခ.၉) ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းအား မြို့နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံပြီး ဆေးပေးခန်းမြေနေရာရှိမှုအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခ.၁၀) ကျေးရွာတွင်ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက် နိုင်ရန် ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

ခ.၁၁) ကျေးရွာတွင် မီးသတ်ရေကန်တည်ဆောက်ပေးနိုင်ရန် သက်ဆိုင်ရာမီးသတ်ဦးစီးဌာန သို့ တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။

## (ဂ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် နှမ်းနှင့် ကုလားပဲများကို စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ခုဖြစ်ပြီး ဖျက်ပိုးများကို ထိရောက်စွာနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများပါသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့ကျမှုကို ဖြစ်ပေါ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။

အထူးသဖြင့် တောင်သူများအတွက် အထိုက်အလျောက် များပြားသော စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရန်လိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ နိုင်ငံတော် အစိုးရ အနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းများပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက် ရန်လုံလောက်သော ရန်ပုံငွေလည်းရှိရမည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုး သက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်း ဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| *လူငယ်နှင့် ယဉ်ကျေးမှုကဏ္ဍ* | | | | | |
| | လူငယ်များဗဟုသုတ တိုးပွားအောင်ဆောင် ရွက်ခြင်း | ၆၈ | ၈ | – စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာန များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| | ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ခြင်း | ၆၁ | ၁၀ | –ဆေးခန်းရရှိရန် ကျန်းမာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>–ကျန်းမာရေးဝန်ထမ်းရရှိအောင် တင်ပြခြင်း<br>–ကျန်းမာရေးအတွက် အထောက်အကူပေးသော အဖွဲ့များ၊ NGOများနှင့် ချိတ်ဆက်၍ အကူအညီ တောင်းခံခြင်း | |
| *ပညာရေးကဏ္ဍ* | | | | | |
| | စာသင်ကျောင်းဆောင် သစ်ဆောက်လုပ်ခြင်း | ၇၅ | ၅ | –ကျေးရွာလူထုထံမှ ရန်ပုံငွေကောက်ခံခြင်း | ပညာရေး ဦးစီးဌာန |

| | | | | |
|---|---|---|---|---|
| | | | | -ပညာရေးကို အထောက်အပံ့ပေးသောအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| *စိုက်ပျိုးရေးကဏ္ဍ* | | | | |
| | မင်္ဂလာလက်တံမြောင်း ဘောင်လမ်းခင်းခြင်း | ၇၃ | ၆ | -ရေမြောင်းလက်တံပြုပြင်ရန် သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| *ငွေကြေးကဏ္ဍ* | | | | |
| | မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ခြင်း | ၈၂ | ၂ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| *လူမှုရေးကဏ္ဍ* | | | | |
| | မီးသတ်ရေကန်(၄)ကန် တည်ဆောက်ခြင်း | ၆၅ | ၉ | -မီးသတ်ဦးစီးဌာနမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | |
| | ကျေးရွာတွင်းလမ်းမြေနီ ကျောက်စရစ်ခင်းခြင်း၊ | ၈၅ | ၁ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း |

| | | | | |
|---|---|---|---|---|
| | | | | -ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | |
| | ကျေးရွာတွင်းကွန်ကရစ်<br>လမ်းခင်းခြင်း | ၇၇ | ၄ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | |
| | ကုန်ထုတ်လမ်း<br>ဖောက်လုပ်ခြင်း | ၈၀ | ၃ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| *စိုက်ပျိုးရေးကဏ္ဍ* | | | | |
| | လက်တံခွဲမြောင်းများမှ<br>ရေတံခါးပြုပြင်ခြင်း | ၇၀ | ၇ | -ရေမြောင်းလက်တံပြုပြင်ရန် သက်ဆိုင်ရာဌာနများမှ<br>အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်<br>ပေးခြင်း |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁ | √ | √ | √ | √ | √ |
| ၂။ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ခြင်း | ၂ | | √ | √ | | |
| ၃။ ကုန်ထုတ်လမ်းခင်းခြင်း | ၃ | √ | √ | √ | √ | √ |
| ၄။ ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း | ၄ | | | √ | √ | √ |
| ၅။ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၅ | | | √ | √ | √ |
| ၆။ မင်္ဂလာလက်တံမြောင်းဘောင်လမ်းခင်းခြင်း | ၆ | √ | √ | √ | √ | √ |
| ၇။ လက်တံခွဲမြောင်းများမှ ရေတံခါးပြုပြင်ခြင်း | ၇ | | √ | √ | | |
| ၈။ စာကြည့်တိုက်တည်ဆောက်ခြင်း | ၈ | √ | √ | √ | √ | √ |
| ၉။ အရေးပေါ်သုံး မီးသတ်ရေကန်တည်ဆောက်ခြင်း | ၉ | | | √ | √ | √ |
| ၁၀။ ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း | ၁၀ | | | √ | √ | √ |

## ၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူ ပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါ မည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။

ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့ နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၇ | ၄ | ၁၁ | ၁.၅၉% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၁၀ | ၂၀ | ၂.၉% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၅ | ၂၁ | ၃.၀၅% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၂၈ | ၂၁ | ၄၉ | ၇.၁၂% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၇ | ၂၆၂ | ၅၁၉ | ၇၅.၄၃% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၄၃ | ၆၈ | ၉.၈၈% |
| **စုစုပေါင်း လူဦးရေ–** | | **၃၄၃** | **၃၄၅** | **၆၈၈** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု –၁၆၃** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄ ဦး** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မင်းဘူးမြို့နယ်၊ ဖလံတောကျေးရွာအုပ်စု၊ ဖလံတောကျေးရွာသည် အိမ်ထောင်စု(၁၆၃)စုရှိပါသည်။ လူဦးရေစုစုပေါင်း (၆၈၈)ယောက် ရှိပါသည်။ အလုပ်လုပ်နိုင် သည့် အရွယ်စုစုပေါင်း (၅၁၉)ဦး ရှိပါသည်။ အုပ်ချုပ်ရေးမှူးရုံးတွင်ရှိသော စာရင်းနှင့် အနည်းငယ် ကွဲလွဲမှု ရှိကြောင်းတွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၁ | ၄၃.၅ | ၇၅ | | တောင်သူ – ၂၃၀ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | | ၅ | | လက်သမား-၅ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁.၄၂ | | | စက်ချုပ်-၅ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၂ | ၄ | ၆ | ဈေးရောင်း-၆ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင် စု | % | မိသားစု ဝင်လုပ် အား | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၃ | ထွေအုပ်ဝန်ထမ်း |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၅ | ဆရာ-၁<br>ဆရာမ-၃<br>ထွေ/လသ-၁ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | ၁ | | | | ဆရာဝန် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၃၀ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၇ | ထိုင်း–၁<br>မလေး–၃<br>အထည်ချုပ်–၃ |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် တောင်သူလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ အများစုသည် ကျပန်းသမားများသာဖြစ်ပြီးပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သောသူ အနည်းငယ်ရှိကြောင်းတွေ့ရှိရပါသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – | နေ့စား | | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | | ၅၀၀၀ | | ပန်းရံ/ လက်သမား |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ် သုံးပစ္စည်းများပြင်ဆင် ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်မျာ း (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဖလံတောကျေးရွာတွင် လုပ်အားပေါ်မူတည်၍ ကွဲပြားခြားနားကြောင်း တွေ့ရှိရပါသည်။

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄၇၄.၂၅ | သင့် | ရ | - |
| ယာမြေ /တောင်ယာ | - | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | - | - | - |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| **စုစုပေါင်း** | **၄၇၄.၂၅** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဖလံတောကျေးရွာတွင် လယ်မြေဧက ၄၇၄.၂၅ ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပြီး မယ်ဇလီဆည်မှ ဆည်ရေရရှိပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် ကာဗွန်၊ရေနံ၊ ဓါတ်သတ္တုများ မထွက်ရှိပါ။ လယ်မြေများဖြစ်သောကြောင့် ကသင်းများမှ နွားစာကိုရရှိပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၂၅၂ကေ | ၂၂၀ကေ | ၂.၂၅ကေ | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုးတိုက်ခံ | သွပ်မိုးပျဉ်ကာ | မြေစိုက်သွပ်မိုး | တဲအိမ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လယ်ထွန်စက်/ ထွန်စက် | ရေစုပ်စက် | တံစဉ်/ပေါက်တူး/ပေါက်ပြား | တံစဉ်/ပေါက်တူး/ပေါက်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV/ဆိုင်ကယ်/ ဖုန်း/ကား/ရေခဲ သေတ္တာ/ စလောင်း/ဖုန်း | TV/ဖုန်း/ ဆိုင်ကယ်/စက်ဘီး / ဖုန်း | ရေဒီယို/ဖုန်း/ စက်ဘီး | စက်ဘီး |
| အဓိကစီးပွားရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး | နေ့စား/ကူလီ | ကျပန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| လုပ်ငန်း | | | | |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ၂၁ | ၃၄ | ၁၀၃ | ၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု ဓနအဆင့်(၁)မှာ (၂၁)အိမ်သာ ရှိပြီး စိုက်ပျိုးရေးအတွက် လယ်ထွန်စက်များကို ပိုင်ဆိုင်ကြပါသည်။ ဓနအဆင့်(၃)မှာ နေ့စား အငှား လုပ်ကိုင်ကြပြီး အဆင့်(၄)မှာ မြေယာမဲ့ သက်ကြီးရွယ်အိုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၆ လအောက် | ၁၁ | | ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | ၂၄ | | ချေးယူ အစိုးရဘဏ်များမှ ချေးယူခြင်း |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အမျိုးသမီးဦးဆောင်အိမ်ထောင်စုများရှိပြီး ဆင်းရဲကာ မိသားစုဦးရေများပြားပါသည်။ အိမ်ထောင်စု(၅)ဦးခန့်သည် သက်ကြီးရွယ်အိုများဖြစ်ကြောင်းတွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | ၅ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၀ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အမျိုးသမီး ဦးဆောင် အိမ်ထောင်စုများရှိပြီး ဆင်းရဲကာ မိသားစုဦးရေ များပြားပါသည်။ မိသားစုစောင့်ရှောက်ခံရမှု မရှိသော အသက်(၆၀)နှစ်အထက် သက်ကြီးရွယ်အိုများ ၆ဦးခန့်ရှိကြောင်းတွေ့ရှိရပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် | ပုံမှန်ဝင်ငွေမရှိသည့်အတွက် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | ရေနံမြေကြောင့် စိုက်ပျိုးမြေရှားပါး |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မြေဆီလွှာများ ခန်းခြောက်မှုကြောင့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူပိုင်းဒေသဖြစ်ခြင်း |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှပ်စီး | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | – |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးလက်လှမ်းမီခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဌာနမှ ပညာပေး၊ ဆေးပေးခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | – | – |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | – | – |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ခွာနာ၊ လျှာနာ နည်းပါးစွာ ကျရောက်ခြင်း |
| ၁၇ | လူကုန်ကူးခြင်း | – | – |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | – | – |
| ၁၉ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဖလံတောကျေးရွာတွင် ရေကြီးခြင်းမရှိပါ။ တစ်ခါတရံ မိုးခေါင်ခြင်းများ ဖြစ်တတ်ပါသည်။ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ လျှော်များ နည်းပါးပါသည်။ အပူပိုင်းဒေသဖြစ်၍ မီးဘေးအန္တရာယ် ဖြစ်နိုင်ပါသည်။ ဆားငန်ရေဝင်ရောက်ခြင်းမရှိပါ။ ဓါတုဆေးများ စနစ်တကျ ကိုင်တွယ် မသုံးစွဲခြင်းကြောင့် မြေဆီလွှာ ပျက်စီးခြင်းများရှိပါသည်။ ပြည်တွင်း ပဋိပက္ခမရှိပါ။ လူကုန်ကူးခြင်းမရှိပါ။ တိရစ္ဆာန်ကူးစက်ရောဂါ ခွာနာလျှာနာများ ရာသီအလိုက်ဖြစ်တတ်ပါသည်။ လမ်းပန်းဆက် သွယ်ရေး ကောင်းမွန်ပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | မိသားစုဦးရေများခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ | – | – |

| | | | |
|---|---|---|---|
| | ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်ရှားပါး |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | လတ် | ကုန်စိမ်း၊ ခေါင်းရွက်၊ ဗျက်ထိုး |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | - |
| ၂၀ | ကားသမား | လတ် | မတော်တဆထိခိုက်မှုအခြေအနေရှိသောကြောင့် |

| ၂၁ | အခြား | - | - |
|---|---|---|---|

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မတော်တဆထိခိုက်မှု ဖြစ်နိုင်ချေများသည့် (Prone Accident)နေရာများတွင် နေထိုင်သူ မရှိပါ။ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူမရှိပါ။ မင်းဘူး မြို့နှင့် (၁၅)မိုင်ခန့်သာကွာဝေး၍ ခံကုန်းတိုက်နယ်ဆေးရုံနှင့် နီးစပ်ခြင်း၊ ကူးစက်ရောဂါ တိုက်ဖျက် ရေး ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးဟောပြောပွဲများကြောင့် နည်းပါးပါသည်။ လှည့်လည် ဈေးရောင်းသူ၊ နေရပ်ပြန်အခြေချသူ၊ ရွှေ့ပြောင်း လုပ်သား၊ ကားသမားမရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၂ | ၁၂ | | ၁၂ | အုပ်ချုပ်ရေး | ၄ | ၆ |
| ၂ | ဂေါပကအဖွဲ့ | ၃ | ၅ | | ၅ | ဘာသာရေး | ၄ | ၇ |
| ၃ | ဝတ်အသင်း | ၃ | ၁၅ | ၂၀ | ၃၅ | ဘာသာရေး | ၄ | ၆ |
| ၄ | ပရဟိတအဖွဲ့ | ၂ | ၂၅ | | ၂၅ | လူမှုရေး | ၄ | ၆ |
| ၅ | လူငယ်အဖွဲ့ | ၂ | ၇၀ | | ၇၀ | လူမှုရေး | ၄ | ၆ |
| ၆ | အမျိုးသမီး အဖွဲ့ | ၂ | ၁၅ | | ၁၅ | ပဂ္ဂဟိတ | ၄ | ၇ |
| ၇ | ကျောင်းအ ကျိုးတော် ဆောင်အဖွဲ့ | ၂ | ၆ | ၂ | ၈ | လူမှုရေး | ၄ | ၇ |
| ၈ | မီးသတ်အဖွဲ့ | ၂ | ၁၂ | | ၁၂ | လူမှုရေး | ၄ | ၈ |
| ၉ | မီးလင်းရေး ကော်မတီ | ၂ | ၂၅ | | ၂၅ | | ၄ | ၆ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထား ရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့သည် စွမ်းဆောင်မှု အားနည်းပြီး ပရဟိတအသင်းမှု စွမ်းဆောင်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ အဖွဲ့အစည်း များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရား ကိစ္စတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းစွမ်းဆောင်ရည်သင်တန်းများ ရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact–Myanmar | (၂) | ငွေစုငွေချေး |
| ၂ | LOC | ၇ | ငွေစုငွေချေး |
| ၃ | ဆာထာပါနာ | ၂ | ငွေစုငွေချေး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် ပက်စ်မြန်မာ၊ LOC နှင့် ဆာထာပါနာအဖွဲ့မှ စိုက်ပျိုးရေးချေးငွေများ ထုတ်ပေးကြောင်းတွေ့ရှိရပါသည်။

### (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေ အတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၀၃ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၃၄ | | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၄ | | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၇ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၆၃ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် မြေယာမဲ့များမှာ သက်ကြီးရွယ်အို အိမ်ထောင်စုများဖြစ်ပြီး ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ / ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | မဲဇလီ | ၃၇၂.၁၉ | ရာသီအလိုက် | ရှိ |
| ၂ | ရေလွှဲဆည် | မဲဇလီ | ၃၇၂.၁၉ | ရာသီအလိုက် | ရှိ |
| ၃ | မြစ်ရေတင် စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |

| စဉ် | ရင်းမြစ် | အစိုးရ / ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာမှာ ဧက ၇၀၀ ကျော်ရှိပြီး ယခုလက်ရှိကျေးရွာတွင် လုပ်ကိုင်နေသော ဧကမှာ ၄၇၄.၂၅ ဧကရှိပြီး ကျန်ဆည်ရေသောက်ဧရိယာမှာ အခြားကျေးရွာများမှ လာရောက်လုပ်ကိုင် နေကြောင်းတွေ့ရှိရပါသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ် ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၇၅.၂၅ | တင်း | ၆၀ | ၈၀ | ၆၅ | ဇူလိုင် | နိုဝင်ဘာ | နိမ့် | နိမ့် | မိုးသီးနှံ |
| နှမ်း | ၁၈၀ | တင်း | ၂၀ | ၄၀ | ၃၀ | ဒီဇင်ဘာ | ဖေဖော်ဝါရီ | နိမ့် | နိမ့် | ဆောင်းသီးနှံ |
| ကုလားပဲ | ၁၁၉ | တင်း | ၈ | ၂၀ | ၁၄ | ဧပြီ | ဇွန် | နိမ့် | နိမ့် | နွေသီးနှံ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဖလံတောကျေးရွာတွင် စုစုပေါင်း စပါးစိုက်ဧက (၄၇၄.၂၅) ဧကဖြစ်ပြီး အမြတ်အစွန်းနည်းရခြင်းမှာ မိမိရောင်းချသော အချိန်တွင် ဈေးနိမ့်ခြင်း၊ မျိုးဝယ်ယူ လျှင် ဈေးတက်ခြင်း၊ ဈေးကွက်ညီညွတ်မှု မရှိခြင်းကြောင့် ဖြစ်ပါသည်။

### (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | စက်ကိရိယာငှားရမ်း လုပ်ကိုင်နေသော | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|
| | တစ်ဦး | အဖွဲ့ပိုင် | ရွာပိုင် | | |

| | ချင်း ပိုင် | အရေ အ တွက် | လယ် သမား ဦးရေ | အရေ အ တွက် | လယ် သမား ဦးရေ | တောင်သူ အရေအတွက် | |
|---|---|---|---|---|---|---|---|
| ထွန်စက် | ၁ | | | | | ၅၅ | |
| လက်တွန်း ထွန်စက် | ၃၉ | | | | | ၂၀ | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေ လှေ့စက် | | | | | | ၁၀ | |
| ရိတ်သိမ်း စက် | | | | | | | |
| ခြွေလှေ့စက် | ၆ | | | | | | |
| ရေစုပ်စက် | ၂၂ | | | | | | |
| ခြေနင်းရေ တင်စက် | | | | | | | |
| မြက်ရိတ် စက် | ၂၂ | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဖလံတောကျေးရွာတွင် ထွန်စက် ပိုင်ဆိုင်သူ တောင်သူ (၁)ဦးသာရှိပြီး စက်မှုဆိုင်ရာ ဗဟုသုတများ နည်းပါးပြီး စက်ယန္တယားများကို ဝယ်ယူအသုံးပြုရန် မှာ ငွေအင်အားမတတ်နိုင်ခြင်းကြောင့် ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ စက်ပစ္စည်း၊ ငွေကြေး၊ နည်းပညာ အဖက်ဖက်မှ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခြေအနေ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | စိုက်ပျိုးမြေတိုးချဲ့နိုင်မှု အသင့်အတင့်သာရှိပါသည်။ |
| ရေရင်းမြစ် | မဲဇလီဆည် |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေး၊ မြေဆွေး |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | မင်းဘူး၊ စကုကုမ္ပဏီ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊ သမဝါယမ၊ ပက်မြန်မာ၊ ဆာထာပါနာ၊ LOC |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | ဆေးကုမ္ပဏီများမှ ပညာပေးမှုရှိ။ |
| သွင်းအားစုဈေးကွက် | လတ် |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူး၊ မကွေး |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများမှာ စိုက်ပျိုးမြေရရှိမှုမှာ အသင့်အတင့်သာရှိပါသည်။ သဘာဝမြေသြဇာအဖြစ် နွားချေးကို အသုံးပြုကြပါသည်။ စိုက်ရန်မျိုးစေ့ နှစ်ပတ်လည်ထားနိုင်သူ ရှားပါးသည်။ မျိုးဝယ်ယူချိန်၌ ဈေးနှုန်းမြင့်မားပါသည်။ သို့သော် မျိုးကောင်း မျိုးသန့်မရပါ။ ထုတ်လုပ်မှုဈေးကွက်၌ ဝင်ငွေနည်းပါး၍ အဘက်ဘက်မှ ပြည့်စုံမှု အားနည်းပါသည်။ ထို့ကြောင့် နည်းပညာအကူအညီ လိုအပ်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | |
| မြေဆီသြဇာ အခြေအနေ | ဓါတုဆေးများကို စနစ်တကျ အသုံးမပြုနိုင်ခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | မလုံလောက်ပါ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ဘဏ်/သမအဖွဲ့အစည်းများမှ အချိန်မှီငွေမရ ရှိသောကြောင့် သွင်းအားစုများ အချိန်မှီ မသုံးစွဲနိုင်ခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | လုပ်အားခနည်းပါးခြင်းကြောင့် လုပ်သားများသည် အခြားနယ်သို့ အလုပ်လုပ်ကိုင်သူများရှိခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မြောင်းများ မကောင်း၍ ရေရရှိမှု ကြံ့ကြာခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | ဆည်ရေပုံမှန်မပေးခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ရာသီဥတုဖော်ပြန်မှုနှင့် ဓါတုဆေးဝါးများ သုံးစွဲရန် နည်းပညာ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | နည်းပါးခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကွက်တွင် လွယ်ကူစွာရောင်းချနိုင်သော်လည်း ဈေးနှုန်းမမှန်ခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မိရိုးဖလာနည်းနှင့်သာလုပ်ကိုင်နေခြင်း |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဖလံတောကျေးရွာတွင် မြောင်း၏ကြွံခိုင်မှုအားနည်း၍ မိုးနည်းသော နှစ်များတွင် သောက်သုံးရေ မလုံလောက်ပါ။ ဖျက်ပိုးနှင့်ရောဂါ နည်းပညာနှင့် စနစ်တကျ သုံးစွဲနိုင်ခြင်းမရှိပါ။ ဈေးကွက်တွင်လွယ်ကူစွာ ရောင်းချနိုင်သော်လည်း ဈေးနှုန်းမမှန်ခြင်း၊ တင်းနှင့် အလေးချိန်များကြီးခြင်း၊ နည်းပညာလုံလောက်မှုမရှိခြင်းတို့ ရှိပါသည်။ သက်ဆိုင်ရာ ဆေးကုမ္ပဏီ များနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီ လိုအပ်ပါသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၄၇ | ၁၂၅ | လုံလောက်မရှိ |
| နို့စားနွား | – | – | လက်လှမ်းမမီပါ |
| မြင်း | – | – | |
| ကျွဲ | – | – | |
| မြည်း | – | – | |
| လား | – | – | |
| ဆိတ် | ၁ | ၃၀ | အသင့်အတင့်ရှိပါသည်။ |
| သိုး | | | – |
| ဝက် | ၁၃ | ၂၄ | အသင့်အတင့်ရှိပါသည်။ |
| ကြက် | ၂၂ | ၂၄၆ | အသင့်အတင့်ရှိပါသည်။ |
| ဘဲ | – | – | – |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| နွားနောက် | – | – | – |
| အခြား | – | – | – |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | – |
| ပုဇွန်ကန် | – | – | – |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | – | – | – |
| ရေချို ငါးဖမ်းလုပ်ငန်း | – | – | – |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | – |
| အခြား | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် တွဲဘက်မွေးမြူကြပါသည်။ စီးပွားဖြစ်စနစ်တကျ မွေးမြူခြင်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ရိတ်သိမ်းပြီးလယ်ယာမြေ |
| ရေရရှိမှု | မဲဇလီဆည်၊ အဝီစိတွင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | နည်း |
| ချေးငွေ | စိုက်/ဘဏ်၊သမ၊ ဆာထာပါနာ၊ LOC |
| သွင်းအားစု ဈေးကွက် | ဝက်၊ ဆိတ် |
| ဝန်ဆောင်မှု ဈေးကွက် | နည်း |
| ထုတ်ကုန် ရောင်းဝယ်မှု | မင်းဘူး/ဇကုမြို့ပေါ်တွင်ကုန်းသည်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | နည်း |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | – |
| ချေးငွေ | – |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| သွင်းအားစု လက်လှမ်းမီမှု | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| အခြား | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဖလံတောကျေးရွာတွင် စားကျက်မြေမှာ ရိတ်သိမ်းပြီးလယ်ယာမြေဖြစ်၍ ရေရရှိမှုမှာ အဝီစိတွင်းရေ ရပါသည်။ စိုက်ပျိုးရေအတွက် မဲဇလီဆည်မှရရှိပြီး မျိုးတိရစ္ဆာန်ရှိသည်ဆိုသော်လည်း မျိုးကောင်းမျိုးသန့် လက်လှမ်းမမီပါ။ ပက်မြန်မာ၊ သမနှင့် အစိုးရ စိုက်/ဘဏ် ချေးငွေများ ရရှိပါသည်။ သွင်းအားစု ဈေးကွက်များမရှိခြင်း ၊ဝန်ဆောင်မှုဈေးကွက်နည်းခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုများကို မင်းညျူး/စကုမှ ကုန်သည်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အိမ်ခြံဝန်းမြေနေရာလုံလောက်မှု နည်းပါးခြင်းများကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | လုံလောက်စွာ မရနိုင်ပါ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကာကွယ်ဆေးပုံမှန်မထိုးခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ကြက်ခြေပြာအဖွဲ့ရှိ၊ နည်းပညာပေးသောအဖွဲ့ အစည်းများနှင့် ချိတ်ဆက်မှုမရှိ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | နည်း |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |
| အခြား | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ ဖလံတောကျေးရွာတွင် ချေးငွေရရှိနိုင်မှုမရှိပါ။ ကူးစက်ရောဂါ ဖြစ်ပွားမှုရှိပြီး နည်းပညာအကူအညီကို ဌာနဆိုင်ရာနှင့် ကြက်ခြေပြာများက ကူညီဖြေရှင်းပေးပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်၊လေလံလက်လှမ်းမှီမှုမှာ နည်းပါးပါသည်။ မွေးမြူရေးမှာ စိုက်ပျိုးရေးနှင့်တွဲဘက် လုပ်ကိုင်ကြပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးထိုး သော်လည်း ရုံဖန်ရုံခါ လေးဘက်နာ နှင့် ခွာနာလျှာနာများ ဖြစ်တတ်ပါသည်။ နည်းပညာအကူအညီ လက်လှမ်းမမီပါ။ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း မရှိပါ။

### (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သ မား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၆ | ၆ | | အထည်ချုပ်-၅<br>ဓါတ်ပုံ-၁ |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၆ | ၆ | | ဈေးဆိုင် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |

| စဉ် | **လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေ အတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစုဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင် မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ် ငန်းများ | | | | |
| ၁၂ | ပြည်သူဝန်ဆောင်မှုလုပ်င န်း များ ( အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် ဘေးကင်းလုံခြုံရေး) | ၃ | ၃ | | ထွေအုပ်-၃ |
| ၁၃ | ပညာရေး | ၅ | ၅ | | ဆရာမ-၅ဦး |
| ၁၄ | ကျန်းမာရေး | ၁ | ၁ | | ဆရာဝန်-၁ဦး |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက် လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၃၀ | ၃၀ | | ကျဗန်း |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင် သူများ(ဥပမာ-UN, INGOs, Companies. etc.,) | ၇ | ၇ | | ထိုင်း-၁<br>မလေးရှား-၃<br>ကုမ္ပဏီ-၃ဦး |
| | **စုစုပေါင်းအသက်မွေးလုပ်** | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဖလံတောကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး ဝန်ထမ်းလုပ်ကိုင်သူ နည်းပါးပါသည်။ ထိုင်းသို့သွားရောက် လုပ်ကိုင်သူ (၁)ဦး၊ မလေးရှားနိုင်ငံသို့(၃)ဦး နှင့် ကုမ္ပဏီဝန်ထမ်း(၃)ဦးရှိပါသည်။

**(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃–က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဈေးသည်၊စက်ချုပ် | စိုက်ပျိုးရေးနှင့် တွဲဘက်လုပ်ကိုင်ကြပြီး ဝင်ငွေရရှိမှု နည်းပါးခြင်း |
| လက်သမား၊ပန်းရံ | နည်းပညာနှင့် အရင်းအနှီးလိုအပ်ခြင်း |
| ကားမောင်း၊စက်ပြင် | နည်းပညာနှင့် အရင်းအနှီးလိုအပ်ခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

